
စိတ်ကူးချိုချိုအနုပညာ



# ရွေးကောက်ပွဲ အနိုင်ရနည်း နိသျှရည်း

(ရွေးကောက်ပွဲမှာ ဘယ်လိုအနိုင်ယူကြသလဲ)

ရွေးကောက်ပွဲဝင်မည့် သူများသာမက
ရွေးချယ်မဲပေးကြမည့် ပြည်သူများပါ
ဖတ်သင့်သည့်စာအုပ်။

မျိုးမင်းရန်အောင်
မှီငြမ်းပြုစုသည်၊


mgyoe.com

mgyoe.com

# ရွေးကောက်ပွဲအနိုင်ရနည်း နိသယရည်း

(ရွေးကောက်ပွဲမှာ ဘယ်လိုအနိုင်ယူကြသလဲ)
ရွေးကောက်ပွဲဝင်မည့် သူများသာမက
ရွေးချယ်မဲပေးကြမည့် ပြည်သူများပါ
ဖတ်သင့်သည့်စာအုပ်။

မျိုးမင်းသုန်အောင်



mmya0003

1200.00 Ks

mgyoe.com

mgyoe.com

ရွေးကောက်ပွဲအနိုင်ရနည်းနိဿရည်း၊ မျိုးမင်းရန်အောင်
စာမျက်နှာ ၈၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀ •၅ စင်တီ

ထုတ်ဝေသူ-ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၈၅၊၁၆၄လမ်း၊တာမွေ၊ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊၁၁၇၉၊မစိုးရိမ်လမ်း၊ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ရွှေးကောက်ပွဲအနိုင်ရနည်း

## နိဿရည်း

မျိုးမင်းရန်အောင်

မှီငြမ်းပြုစုသည်။

ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရွေးကောက်ပွဲအနိုင်ရနည်း နိဿရည်း

[ရွေးကောက်ပွဲမှာ ဘယ်လိုအနိုင်ယူကြသလဲ၊
ရွေးကောက်ပွဲဝင်မည့်သူများသာမက ရွေးချယ်မဲပေးကြမည့်
ပြည်သူများပါ ဖတ်သင့်သည့်စာအုပ်]

မျိုးမင်းရန်အောင်

(HOW TO WIN AN ELECTION
Translated by Philip Freeman
စာအုပ်ကို မှီငြမ်းပြုစုပါတယ်။)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

ခရစ်မပေါ်မီ ဘီစီ ၆၄ က ပေါ်ထွန်းခဲ့သည့် ရောမ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကွင်တပ်စ်တူလီယပ်စ် ဆီဆာရိုက သူ၏အစ်ကို မားကပ်စ်တူလီယပ်စ်ဆီဆာ ရို ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် လက်စွဲစာအုပ် ငယ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါ လက်စွဲစာအုပ်ငယ် ကို လက်တင်ဘာသာဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး ဖိလစ် ဖရီးမင်းက 'ရွေးကောက်ပွဲ အနိုင်ရနည်း နိဿရည်း' (HOW TO WIN AN ELECTION) အမည်ဖြင့် အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ပါသည်။ အဆိုပါ အင်္ဂလိပ် ဘာသာမူစာအုပ်ငယ်မှ ယနေ့ခေတ်နှင့် ဆီလျော်သည် များကို ကောက်နုတ်ဘာသာပြန်ထားခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com


အခြားရည်ညွှန်းကိုးကားစာအုပ်များ

၁။ မြို့မတင်ဘာသာပြန် – ဂျွန်အက်ဖ်ကနေဒီနှင့် မျိုးနွယ်သစ်များ
David Burner – John F. Kennedy and A New Generation

၂။ သတင်းစာဆရာကြီး ဦးစိန်ဝင်း(ဂါးဒီးယန်း)၏ သတင်းစာအတတ်ပညာဆိုင်ရာ ဟောပြောပို့ချမှုများ။

❖

mgyoe.com

mgyoe.com

၁ နိုင်ငံရေးသမားတစ်ယောက်ဖြစ်ဖို့အတွက် သင့်မှာ သဘာဝအရလည်း ဗီဇပါရမီရှိတယ်၊ စွမ်းဆောင်ရည်လည်းရှိတယ်၊ အတွေ့အကြုံ အတွေးအမြင်လည်းရှိတယ်၊ ကြိုးလည်း ကြိုးစားတယ်။

သင့်မှာ ဒါတွေအားလုံး ပြည့်စုံပြီ။ ဒါပေမဲ့လာမယ့်ရွေးကောက်ပွဲမှာ အနိုင်ရဖို့အတွက် ဒီအချက်အလက်တွေ၊ ဒီအရည်အချင်းတွေ ပြည့်စုံရုံနဲ့တင် လုံလောက်ပြီးမြောက်ပြီလား။ မလုံလောက်သေးပါဘူး။ ဒါ့ကြောင့် ရွေးကောက်ပွဲအနိုင်ရဖို့ ဘာတွေ ဘာတွေလုပ်ရဦးမယ်၊ ဘယ်အချက်တွေ ဘယ်အချက်တွေ လိုအပ်တယ်ဆိုတာ ကျိုးကြောင်းဆီလျော်မှုရှိရှိနဲ့ အစီအစဉ်တကျ တင်ပြလိုက်ပါတယ်။ လိုတာယူပြီး မလိုတာ ပယ်ပါလေ။

mgyoe.com

mgyoe.com



၂ သင် သတိပြုရမှာက (သတိပြုအမိဆုံးဖြစ်ရမှာက) သင်နေတဲ့နိုင်ငံဟာ ဘာနိုင်ငံလဲ၊ သင်နေတဲ့မြို့ဟာ ဘာမြို့လဲ၊ သင် ဘယ်နေရာအတွက် (ဥပမာ– ပြည်သူ့လွှတ်တော်လား၊ တိုင်းဒေသကြီးလွှတ်တော်လား) ရွေးကောက်ပွဲဝင်မှာလဲ၊ အဲဒါကို ပြတ်ပြတ်ထင်ထင် သတိထားရမယ်။ ပြတ်ပြတ်ထင်ထင် လေ့လာထားရမယ်။

ရွေးကောက်ပွဲဝင်တော့မယ်လို့ ဆုံးဖြတ်ချက်ချပြီးကတည်းက သင် ဘယ်သူနဲ့တွေ့တွေ့၊ ဘယ်အုပ်စုနဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်စကားပြောပြော "ငါဟာ လေ့လာစရာတွေရှိသေးတယ်၊ ငါဟာ ဒီလူဒီလူတွေရဲ့ ထောက်ခံအားပေးမှုနဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ချင်တယ်။ ဒါဟာ ရန်ကုန်ဖြစ်တယ် (သို့) မန္တလေးဖြစ်တယ်" လို့ စိတ်ထဲမှာ ဆီမန်းမန်းသလိုနှလုံးသွင်းထားပါ။

ဘယ်သူနဲ့တွေ့တွေ့၊ ဘယ်အုပ်စုနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ထိုင်ဆိုတာက လူထုလူတန်းစားအလွှာမရွေးကို ဆိုလိုတာပါ။ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေ ဒီဟာ မက်ဆာချူးဆက်၊ ကိန်းဘရစ်ချ်မြို့တော်ကနေ ကွန်ဂရက်အမတ်နေရာအတွက် ဝင်ရောက်အရွေးခံတော့ မဲဆန္ဒနယ်မြေများရဲ့ အောက်ခြေအထိဆင်းပြီး ပြည်သူကို မျက်နှာမူဖို့ ကြိုးစားခဲ့တာပါ။

mgyoe.com

mgyoe.com



ဒီလို အောက်ခြေအထိ ဆင်းခဲ့တဲ့အတွေ့အကြုံဟာ ဂျွန်အက်ဖ်ကနေ ဒီကို ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲမှာ အနိုင်ရရှိစေရုံသာမက နောင် သူ အမေရိကန်သမ္မတကြီးဖြစ်လာတဲ့အခါမှာလည်း အလွန်အသုံးဝင်ခဲ့ပါတယ်။

နောက်တစ်ချက်က စကားပြောဖို့ ဖြစ်ပါတယ်။ ရှေးရောမခေတ်ကတော့ ဖိုရမ်တွေမှာ စကားပြောဆိုဆွေးနွေးကြတာပါ။ လူနှစ်ယောက် ဒါမှမဟုတ် လေးငါးယောက်ပေါ့လေ။ အကြောင်းအရာတစ်ခုကို ပြောကြဆိုကြ၊ အချေအတင် ဆွေးနွေးကြနဲ့ပေါ့။

အခု ၂၁ ရာစုမှာလည်း ဖိုရမ်တွေရှိပါတယ်။ ဖိုရမ်တွေ၊ ဒီဘိတ်တွေမှာ ပင်တိုင်ဆွေးနွေးသူ မဟုတ်တောင်မှ ထပြီး မေးခွန်းမေးတာ၊ ထောက်ပြတာ စတာမျိုးတွေလည်း ပြုလုပ်နိုင်ပါတယ်။ နိုင်ငံရေးသမားဖြစ်ချင်မှတော့ စကားမပြောချင်လို့၊ စကားပြောမကောင်းလို့ မရပါဘူး။

ရွေးကောက်ပွဲကို သင်တစ်ယောက်တည်း ဝင်မှာမဟုတ်ပါ။ တစ်ယောက်တည်း ပြိုင်ဘက်မရှိ ရွေးကောက်ပွဲဝင်တယ်ဆိုတာ တစ်ပါတီအာဏာရှင်စနစ်နဲ့ ခေတ်မှာသာ ရှိတာပါ။ အဲဒီခေတ်ကုန်သွားပါပြီ။ အနည်းဆုံးတော့ ဒါ အနည်းဆုံးပြောတာနော်... သင့်

mgyoe.com

mgyoe.com


မဲဆန္ဒနယ်မှာ သင်နဲ့ ပြိုင်ရမယ့် နောက်တစ်ယောက် တော့ ရှိနေမှာ အသေအချာပါ။ အဲဒီတစ်ယောက်နဲ့ သင်နဲ့ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရင် အပြိုင်ပြောကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိဂုံးချုပ် ရမယ်ဆိုရင် စကားပြောမကောင်းရင်၊ စကားပြော ကောင်းဖို့ လေ့ကျင့်မထားဘူးဆိုရင် နိုင်ငံရေးသမား လုပ်ကို မလုပ်ချင်ပါနဲ့။

၇ ခရစ်မပေါ်မီ ဘီစီ ၆၄ တုန်းက ရောမနိုင်ငံ ရေးကဝိကြီး Quintus Tullius Cicero ရေးသားခဲ့တဲ့ How To Win An Election ဆိုတဲ့စာအုပ်မှာ ဂရိ ပညာရှိကြီး Demetrius ရေးသားတဲ့ Demosthenes စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ဖို့ ရွေးကောက်ပွဲဝင်မယ့် သူ့အစ်ကိုကို မှာပါတယ်။ အဲဒါကတော့ ခရစ်မပေါ်မီ က ဖတ်ရမယ့်စာအုပ်ပါ။ ဒီနေ့ခေတ် နိုင်ငံရေးသမား တွေအတွက်ကတော့ ဘာစာအုပ်ဖတ်ရမလဲ မမေးနဲ့၊ အကုန်ဖတ်ကြလို့ တိုက်တွန်းရမှာပါ။ အထက်မှာ ရေး ခဲ့သလို နိုင်ငံရေးသမားတစ်ယောက်ဟာ စကားပြော ကောင်းဖို့ လိုသလို စာဖတ်အားကောင်းဖို့လည်း လိုပါ တယ်။ စာပေဝမ်းစာရှိရပါမယ်။ ၂၁ ရာစုမှာ တန်းမီတဲ့ နိုင်ငံရေးသမားတစ်ယောက်ဖြစ်ဖို့အတွက် ဖတ်စရာ

mgyoe.com

mgyoe.com


စာအုပ်တွေ အလွယ်တကူရနိုင်ပါတယ်။ အင်တာနက်က ဆွဲချလို့ရပါတယ်။ ဒီလောက် ပညာဉာဏ်ဗဟုသုတ သိုက်ကြီးကို လွယ်လွယ်ကူကူနဲ့ တူးဖော်လို့ရချိန်မှာ မဆည်းပူး၊ မလေ့လာ၊ မသင်အံ၊ မကျက်မှတ်ဘူးဆိုရင်တော့ 'သင့်ဒေါသနဲ့ သင်' လို့သာ ဆိုရပါလိမ့်မယ်။

နောက်တစ်ခုက ကိုယ့်ကို အခိုင်အမာထောက်ခံမယ့်အုပ်စုကို ရွေးတတ်ဖို့လိုပါတယ်။ ပညာတတ်လူလတ်တန်းလွှာအုပ်စုလား၊ အခြေခံလူတန်းစားတွေလား၊ စက်ရုံအလုပ်သမားတွေလား၊ ရွေးကောက်ပွဲဝင်ပြိုင်မယ့် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ အားလုံးရဲ့ထောက်ခံမှုကို ရဖို့လိုပေမဲ့ အထူးအုပ်စုများ (Special Interest Groups) ဆိုတာကတော့ ရှိပါတယ်။ သင်ဟာ ဆရာဝန် ဒါမှမဟုတ် ရှေ့နေ ဒါမှမဟုတ် လူမှုရေး တက်ကြွလှုပ်ရှားသူဆိုရင် ဒီလိုအုပ်စုမျိုးတွေ သင့်မှာ သေချာပေါက်ရှိပါလိမ့်မယ်။ သူတို့ရဲ့ ထောက်ခံမှုကို ခိုင်မာသထက် ခိုင်မာအောင်၊ သိပ်သိပ်သည်းသည်းနဲ့ ကျကျနန ဖြစ်နိုင်သမျှ ဖြစ်အောင် စည်းရုံးထားရပါလိမ့်မယ်။

နောက်တစ်ချက်က လူငယ်အင်အားစုပါ။ လူငယ်တွေဆိုတာ တက်ကြွတယ်၊ ရဲရင့်တယ်၊ သူ့ရဲကောင်း ကိုးကွယ်တတ်တယ်၊ စံပြုထားရမယ့်လူကို

mgyoe.com

mgyoe.com


ရှာဖွေချင်တယ်၊ အားကိုးချင်တယ်၊ အဲဒီလူဆီက သင်ယူချင်တယ်။ ဒါ့ကြောင့် အရည်အချင်းရှိပြီး ထက်မြက်တဲ့ လူငယ်လေးများကို မွေးမြူထားပါ။ ဒီနေရာမှာ မွေးဆိုတဲ့ ဝေါဟာရစကားလုံး ပါဝင်လာတာကြောင့် 'ဆရာမွေး၊ တပည့်မွေး' ဆိုတဲ့ အင်မတန်ဆိုးဝါး အကျည်းတန်တဲ့ စရိုက်နဲ့ ရောထွေးမပစ်စေချင်ပါဘူး။

ဒီမှာလည်း ကြုံတုန်း သတိပေးရရင် လူငယ်တွေထဲမှာ အမျိုးသားလည်း ပါဝင်သလို အမျိုးသမီးလည်း ပါဝင်နိုင်ပါတယ်။ အမျိုးသမီးလေးတွေနဲ့ ဆက်ဆံရေးကတော့ လုံးဝစောင့်ထိန်းရမှာပါ။ နိုင်ငံရေးသမားတစ်ယောက်အတွက် အဓိကအကျဆုံးနဲ့ အရေးအကြီးဆုံး စောင့်ထိန်းရမှာက 'အမျိုးသမီးကိစ္စ' ဖြစ်တယ်ဆိုတာကို သင် မမေ့မလျော့ နှလုံးသွင်းထားရပါလိမ့်မယ်။

နောက်တစ်ခုက မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများဖြစ်ပါတယ်။ သာမန်မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများမဟုတ်ဘဲ ဆရာကြီးရွှေဥဒေါင်းစကား ငှားသုံးရမယ်ဆိုရင် 'ရင်ဘတ်မိတ်ဆွေများ' ဖြစ်ပါတယ်။ မိသားစုပြီးရင် သင်နဲ့ နိစ္စဓူဝကြုံဆုံနေရမှာ အဲဒီသူငယ်ချင်းမိတ်ဆွေတွေ ဖြစ်ပါတယ်။ သူတို့နဲ့လည်း အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံပြီး သူတို့

mgyoe.com

mgyoe.com


အားကို ယူရပါလိမ့်မယ်။

၄ အထူးအုပ်စုများ (Special Interest Groups) သင့်ကို ချစ်ခင်ကြည်ညိုလေးစားတဲ့ လူငယ်လုံမငယ်များ၊ သင့်ရဲ့ရင်ဘတ်မိတ်ဆွေများ… သင် တတ်နိုင်သမျှ သူတို့အားလုံးရဲ့အကျိုးကို ဆောင်ရွက်ပေးပါ၊ အကြံကောင်း ဉာဏ်ကောင်းပေးပါ၊ ကူညီပါ၊ သူတို့ အခက်အခဲတွေကို တတ်နိုင်သမျှ ဖြေရှင်းပေးပါ။ တစ်ဖက်မှာလည်း သူတို့ ပြောဆိုတင်ပြသမျှကို လေးလေးစားစားနဲ့ နားထောင်ပါ၊ မှတ်သားပါ။ မလောက်လေး မလောက်စား လက်တောက်လောက်ကောင်လေးမို့လို့၊ ဘာမှမတတ်တဲ့ အခြေခံလူတန်းစားကမို့လို့… စသည်ဖြင့် အထင်သေးစိတ်မထားဘဲ သူတို့ ပြောဆိုတင်ပြသမျှ၊ သူတို့အခက်အခဲမှန်သမျှကို လေးလေးစားစားနဲ့ နားစိုက်ပါ၊ ဂရုပြုမှတ်သားပါ။ တတ်နိုင်တာဆောင်ရွက်ပေးပါ။ ရှင်းရှင်းနဲ့ တဲ့တိုးရေးရမယ်ဆိုရင်တော့ သင့်ကျေးဇူး သူတို့အပေါ်မှာ ရှိနေပါစေ။

ကိုယ့်ကျေးဇူး သူတို့အပေါ်မှာ ရှိဖို့မလိုတဲ့ သူများအတွက်ကတော့ လွယ်ပါတယ်၊ သူတို့ကျေးဇူး သင့်အပေါ်မှာ ရှိနေပါစေ။ သူတို့ကျေးဇူး သင့်အပေါ်မှာ ရှိနေကြောင်းကိုလည်း မကြာမကြာ နှုတ်က ထုတ်

mgyoe.com

mgyoe.com


ဖော်ပြောပေးပြီး အလျဉ်းသင့်သလို အသိအမှတ်ပြု ပေးပါ။

၅ မူရင်းစာအုပ်မှာတော့ ယခင်က (ရောမခေတ် ပေါ့လေ) လွတ်တော်အမတ်ဖြစ်ခဲ့ဖူးသူများ၊ မှူးမျိုး မတ်နွယ်များနဲ့ ခင်မင်ရင်းနှီးအောင် ပေါင်းသင်းပါလို့ ပါရှိပါတယ်။ ဒီခေတ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ရပ်မိရပ်ဖတွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ မြို့နယ်၊ ဒါမှမဟုတ် ရပ်ကွက်၊ ဒါမှမဟုတ် ကျေးရွာ အပေါ် ဩဇာညောင်းသူတွေ… အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ နဲ့ ခင်မင်ရင်းနှီးအောင် ဝင်ထွက်ပေါင်းသင်းထားရပါ မယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ သင့်ထက် အသက် အရွယ်အားဖြင့် ကြီးရင့်မှာ သေချာတာကြောင့် သူတို့ ကို ဆည်းကပ်ခြင်းအားဖြင့် သင့်မှာ အကျိုးယုတ်စရာ မရှိပါဘူး။ သင့်ကို လူများစု၊ သို့မဟုတ် လူအုပ်စု တစ်ခုခုက ထောက်ခံလာအောင် ဒါမှမဟုတ် ဆန့်ကျင် လာအောင် အဲဒီပုဂ္ဂိုလ်ကြီးတွေက ဆောင်ရွက်မယ် ဆို ဆောင်ရွက်နိုင်စွမ်းရှိပါတယ်။

၆ အထက်ပါအချက်များအတိုင်းပါပဲ။ မြို့မိမြို့ဖ၊ ဒါမှမဟုတ် ရပ်မိရပ်ဖများအပြင် သူတို့ရဲ့ မိသားစုဝင်

mgyoe.com

mgyoe.com


များ၊ ဆွေမျိုးသားချင်းများနဲ့ပါ ခင်မင်ရင်းနှီးအောင် ပေါင်းသင်းပြီး သူတို့ရဲ့ အားကို ရယူဖို့ဖြစ်ပါတယ်။

၇ နံပါတ် ၆ နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ သင့်မဲဆန္ဒနယ်မှာ ထင်ရှားသူ၊ ဒါမှမဟုတ် မြို့မိမြို့ဖ တစ်ဦးဦးရဲ့ မိသားစုဝင်က သင်နဲ့ ယှဉ်ရွေးမှာ ဆိုပါစို့။ ဘယ်လောက်ပဲ မျိုးရိုးကောင်းကောင်း၊ ဘယ်လောက်ပဲ အရည်အချင်းနဲ့ ပြည့်ပြည့်ဝဝ သင့်မဲဆန္ဒနယ်က ပြည်သူတွေအတွက် လုပ်ကိုင်ဆောင်ရွက်ရာမှာတော့ သင့်လောက် ဘယ်သူမှ အားကြိုးမာန်တက်မရှိဘူး၊ ဘယ်သူမှ စူးစူးနစ်နစ်နဲ့ စိတ်ပါဝင်စားမှုမရှိဘူး၊ အပေါ်ယံတွေပဲဆိုတာကို ခပ်ပါးပါးလေး ပြောပေးရပါမယ်။ အတုံးလိုက်၊ အတစ်လိုက်တွေတော့ သွားမပြောပါနဲ့။ သင့်အနေနဲ့ အတင်းအဖျင်း လည်ပြောတဲ့အဆင့် ရောက်သွားပါမယ်။

၈ နိုင်ငံရေးအသိုင်းအဝိုင်းက မဟုတ်ဘူး၊ ဆွေကြီးမျိုးကြီးထဲကလည်းမဟုတ်ဘူး၊ နောက်ခံအင်အားလည်း ဘာမှမရှိဘူး။ ဓနအင်အားပေါ့လေ။ ဒါပေမဲ့ သင့်မှာ အဲဒါတွေထက် ပိုသာတဲ့ အင်မတန်ကောင်းမြတ်တဲ့ အရည်အချင်းတွေ၊ အင်မတန်ထူးကဲတဲ့

mgyoe.com

mgyoe.com


အရည်အသွေးတွေရှိတယ်ဆိုတာကို ထုတ်ပြရပါမယ်။ အဲဒီအရည်အချင်းတွေကတော့ သင်ဟာ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ကလိမ်ကကျစ်မဟုတ်ဘူး၊ မိတ်ဆွေတွေကို နောက်ကျော ဓားနဲ့မထိုးဘူး၊ ဘာအရှုပ်အထွေး အငြိအစွန်းတစ်ခုတလေမှ မရှိဘူး၊ သင် ပြောဆိုတင်ပြလိုတာတွေကို ကျကျနနနဲ့ အချက်အလက်မှန်မှန်ကန်ကန် ပြောဆိုရေးသားတင်ပြနိုင်စွမ်းရှိတယ်... စတဲ့ အချက်အလက်တွေ သင့်မှာ ရှိနေတယ်ဆိုတာကို အခွင့်အရေးပေးရင် ပေးသလောက်၊ အခွင့်အရေး ရရင် ရသလောက် ပြောဆိုတင်ပြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အထက်မှာရေးခဲ့သလို ပါးပါးနပ်နပ်နဲ့ ပြောဆိုရမှာ၊ ရေးသားတင်ပြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အမေရိကန်သမ္မတကြီး ဂျွန်အက်ဖ်ကနေဒီရဲ့အကြောင်းကိုပဲ ဥပမာပြရမှာပါ။ အထက်တစ်နေရာမှာ ရေးခဲ့သလို ကနေဒီဟာ ၁၉၄၆ ခုနှစ်မှာ မက်ဆာချူးဆက်ပြည်နယ်၊ ကိန်းဘရစ်ချ်မြို့ကနေ ကွန်ဂရက်အမတ်တစ်နေရာအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကနေဒီအတွက် ပထမဆုံးအကြိမ် လွှတ်တော်အမတ်နေရာအတွက် ဝင်ပြိုင်ခဲ့တာပါ။ လုံးဝသူစိမ်းပဲဆိုပါတော့။ ကနေဒီဆိုတာ သိကြပေမဲ့ ဘယ်သူဘယ်ဝါရယ်လို့ တိတိကျကျနဲ့ ကျကျနန မသိ

mgyoe.com

mgyoe.com


ကြသေးပါဘူး။

ဒီအချိန်မှာ နိုင်ငံရေးအရ အင်မတန်အကွက်မြင် ပါးနပ်တဲ့ ဖခင်ကနေဒီ(ဂျွန်အက်ဖ်ကနေဒီရဲ့ဖခင်) က 'ကင်းလှည့်ရေယာဉ်ပီတီ ၁၀၉' ပုံပြင်အကြောင်း အတိုချုပ်ဖော်ပြထားတဲ့ အမေရိကန်စာပဒေသာမဂ္ဂဇင်း (Reader's Digest) ကို ဘတ်စ်ကားတွေ၊ မြေအောက်မီးရထားတွေမှာ တွန်းတွန်းထိုးထိုး ကြော်ငြာပေးခဲ့ပါတယ်။

ကင်းလှည့် ရေယာဉ် ပီတီ ၁၀၉ ဆိုတာက ဂျွန်ကနေဒီ ဒုတိယကမ္ဘာစစ်အတွင်းမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ရေတပ်ကင်းလှည့်ရေယာဉ်ဖြစ်ပါတယ်။ အဲဒီ ကင်းလှည့်ရေယာဉ်ဟာ တာဝန်များ ထမ်းဆောင်နေစဉ် ဂျပန်ဖျက်သင်္ဘောတစ်စီးနဲ့ ဝင်တိုက်မိပါတယ်။ တိုက်မိတဲ့အရှိန်ကြောင့် ပီတီ ၁၀၉ ဟာ နှစ်ခြမ်းကွဲသွားခဲ့ပါတယ်။ နှစ်ခြမ်းကွဲတဲ့အပြင် ရေယာဉ်ကိုပါမီးစွဲလောင်ပြီး သင်္ဘောသားများ ဆော်လမွန်ကျွန်းစုများအနီး ရေပြင်မှာ လွင့်စဉ်ကုန်ကြပါတယ်။ ၁ ဩဂုတ်၊ ၁၉၄၃ မှာ ဖြစ်ပွားခဲ့တဲ့ ဂျပန်ဖျက်သင်္ဘောနဲ့ တိုက်ခိုက်မိမှုဖြစ်စဉ်မှာ လူနှစ်ယောက် သေဆုံးခဲ့ရပြီး ဂျွန်အက်ဖ်ကနေဒီကတော့ သူရဲကောင်း ပီသစွာဆိုးဆိုးရွားရွား မီးလောင်ခံထားရတဲ့ ရေတပ်စစ်သည်

mgyoe.com

mgyoe.com


တစ်ဦးကို ရေစီးအလွန်သန်တဲ့ ပင်လယ်ကိုဖြတ်ပြီး တစ်ပိုင်းပြတ် ကင်းလှည့်ရေယာဉ်ဆီ ရောက်အောင် တွဲခေါ်ကူးခတ်လာခဲ့ပါတယ်။ ပြီးနောက် လေးနာရီကြာအောင် ပင်လယ်ပြင်ကို မိုင်ပေါင်းများစွာ ဖြတ်သန်းပြီး ဘေးကင်းရာ ပလမ်းပူဒင်းကျွန်းရောက်အောင် သယ်ဆောင်လာနိုင်ပါတယ်။ ဒဏ်ရာရ ရေတပ်စစ်သည်ကလေးကို စစ်ဗိုလ်ကလေး ဂျွန်အက်ဖ်ကနေဒီက စွန့်စွန့်စားစားနဲ့ ကယ်တင်လာခဲ့တဲ့ အဲဒီဖြစ်ရပ်မှန်ဇာတ်လမ်းကို ထိုစဉ်က အမေရိကန်သတင်းစာများမှာ မျက်နှာဖုံးက ကျကျနန ချီးကျူးဖော်ပြခဲ့ကြတာပါ။

ဒီဖြစ်စဉ်ကို အမေရိကန်စာပဒေသာမဂ္ဂဇင်းမှာ ဆောင်းပါးအဖြစ် ထပ်မံပုံနှိပ်ဖော်ပြခဲ့ပြီး အဲဒီမဂ္ဂဇင်းတွေကို ဘတ်စ်ကားဂိတ်နဲ့ မြေအောက်ရထားဘူတာရုံများမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ တွန်းတွန်းထိုးထိုး ကြော်ငြာဖြန့်ချိခဲ့တာပါ။

အင်မတန် အချက်ပိုင်လှတဲ့ လုပ်ရပ်ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

(၆) မိတ်ဆွေဟန်ဆောင်တဲ့ ရန်သူတွေ၊ နှစ်ဖက်ချွန်တွေ၊ မိတ်ဆွေတွေလိုလိုနဲ့ ကိုယ့်နောက်ကျော ဓား

mgyoe.com

mgyoe.com



နဲ့ ထိုးမယ့်သူတွေကို ရှောင်ရှားပါ။ သင့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ဘယ်သူတွေဟာ မိတ်ဆွေတု မိတ်ဆွေယောင်တွေဆိုတာကို ခွဲခြားနားလည်ရလောက်အောင် သင် လိမ္မာပါးနပ်ဖို့တော့ လိုပါလိမ့်မယ်။ ဆိုရိုးစကားတစ်ခု အခိုင်အမာရှိပါတယ်။ အဲဒီဆိုရိုးစကားကတော့ 'ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုး၏' ဆိုတဲ့ ဆိုရိုးစကားပါပဲ။

**၁၀** မဲဆွယ်ကာလမှာရော၊ ရွေးကောက်ပွဲဝင်မယ်လို့ စတင်ဆုံးဖြတ်လိုက်တဲ့အချိန်က စလို့ရော... ဘာအမှားအယွင်းမှ မရှိပါစေနဲ့။ အမှားရဲ့ ပမာဏ ကြီးရင်ကြီးသလောက် သင် ခံစားရပါလိမ့်မယ်။ မြန်မာ့နိုင်ငံရေးနဲ့ ဥပမာပြရရင် ၁၉၆၀ ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဦးဗဆွေနဲ့ ဦးကျော်ငြိမ်း ဦးစီးတဲ့ တည်မြဲဖဆပလနဲ့ ဦးနု ခေါင်းဆောင်တဲ့ သန့်ရှင်းပထစတို့ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ တည်မြဲအုပ်စုရဲ့ ခေါင်းဆောင်တစ်ဦးက ရွေးကောက်ပွဲအကြိုကာလမှာ "ရှုံးလည်းနိုင်ရမယ်၊ နိုင်လည်း နိုင်ရမယ်" လို့ အဓိပ္ပာယ်နှစ်ခွထွက်တဲ့ စကား ပြောမိတာကြောင့် ဦးဗဆွေနဲ့ ဦးကျော်ငြိမ်းတို့အုပ်စု ခွက်ခွက်လန် အရေးနိမ့်ခဲ့ရဖူးပါတယ်။ ဒါဟာ စကားမှားလို့ မရတာကို

mgyoe.com

mgyoe.com


သက်သေပြလိုက်တာပါ။

ဉာဏ်ရှိရှိ၊ သတိကြီးကြီး၊ လုံ့လဝီရိယအပြည့်နဲ့ မဲဆွယ်စည်းရုံးရမှာပါ။

(၁၁) ရွေးကောက်ပွဲမှာ အနိုင်ရဖို့ အဓိကအနေနဲ့ အပိုင်းကြီးနှစ်ပိုင်းမှာ အောင်မြင်ဖို့လိုပါတယ်။ ပထမပိုင်းက မိမိမိသားစု ဆွေမျိုးသားချင်းများနဲ့ သူငယ်ချင်းမိတ်ဆွေများရဲ့ ထောက်ခံမှုအခိုင်အမာရဖို့လိုပါတယ်။ ဒီနေရာမှာ အခိုင်အမာဆိုတဲ့ စကားကို အလေးအနက်ထားပါ။ ကိုယ့်မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းများကတောင်မှ သင့်အပေါ် အခိုင်အမာနဲ့ အလေးအနက် မထောက်ခံဘူးဆိုရင် ကျန် သာမန်မဲဆန္ဒရှင်ပြည်သူများရဲ့ ထောက်ခံမှုကိုတော့ ထည့်မတွက်ပါနဲ့တော့။ မရမှာ သေချာပါတယ်။ အဲဒီတော့ မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းများရဲ့ ထောက်ခံမှုကို ရပြီဆိုရင်တော့ ကျန် သာမန်မဲဆန္ဒရှင် ပြည်သူလူထုရဲ့ ထောက်ခံမှုကိုလည်း အများစုရဖို့လိုပါတယ်။ ဒါမှ သင် ရွေးကောက်ပွဲမှာ အနိုင်ရမှာပါ။ အဲဒီနှစ်ပိုင်းစလုံးက သင့်အပေါ် အလေးအနက်ထောက်ခံမှ သင် အမတ်ဖြစ်ဖို့ သေချာပါမယ်။

မိတ်ဆွေသူငယ်ချင်းများကို (သင် ရွေးကောက်

mgyoe.com

mgyoe.com



ပွဲဝင်တော့မယ်ဆိုရင်ပေါ့လေ) ခင်ခင်မင်မင်၊ ကြင်ကြင်နာနာ ဆက်ဆံရပါမယ်။ သူတို့ လိုအပ်တဲ့ အကူအညီမှန်သမျှ (သင် တတ်နိုင်တာပေါ့လေ) ဖြစ်အောင် ကူညီပေးရပါမယ်။ သူတို့နဲ့ အဆင်ပြေရင် ပြေသလို အလျှဉ်းသင့်ရင်သင့်သလို တွေ့ပေးရပါမယ်။ သိပ်လေးနက်တဲ့ကိစ္စကြီးမဟုတ်တောင်မှ ဥပမာ– ပရိုးမီးယားလိဂ်ဘောလုံးပွဲအကြောင်း၊ ဂီတဖျော်ဖြေပွဲတွေအကြောင်း စိတ်ပါလက်ပါနဲ့ စကားလက်ဆုံကျရပါမယ်။ ဟန်ဆောင်ပန်ဆောင်နဲ့ မတတ်သာလို့ ပြောရတာမျိုးမလုပ်ပါနဲ့။ တကယ့်ကို အလေးအနက်ထားတည်ဆောက်ပါ။ အရင် သင် ရွေးကောက်ပွဲမဝင်မီက ဒီလိုပဲ သာမန်တွေ့ဆုံစကားပြောဆိုကြတာမျိုးထက် ပိုလေးနက်ပါစေ။

**၁၂** မိသားစုဝင်တွေ၊ ဆွေမျိုးသားချင်းတွေပဲ၊ သိပ်ရင်းတဲ့ သူငယ်ချင်းတွေပဲဆိုပြီးတော့လည်း ပစ်မထားပါနဲ့။ ဘယ်အချိန်စည်းရုံးစည်းရုံး "ရပါတယ်ကွာ" ဆိုပြီး တော့လည်း မပေါ့ပါနဲ့။ "ငါတို့မောင်၊ ငါတို့တူဟာ၊ ငါ့သူငယ်ချင်းကြီးဟာ ငါတို့ကို အလေးအနက်မထားပါလား" ဆိုတာမျိုး မြင်သွားစေနိုင်ပါတယ်။ ရင်းလေ စည်းရုံးရလေပဲဆိုတာ သဘောပေါက်ပါ။

mgyoe.com

mgyoe.com


သင့်အကြောင်း မကောင်းသတင်း ကောလာဟလတွေ ထိထိရောက်ရောက် ဖြန့်ချိနိုင်စွမ်းရှိသူတွေဟာ မိသားစုဝင်တွေနဲ့ သင်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းများပဲ ဖြစ်တယ်ဆိုတာ ကြပ်ကြပ်ကြီး နှလုံးသွင်းထားပါလေ။

၁၃ သင့် မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ လူထု လူတန်းစားအုပ်စုပေါင်းစုံကို ထိထိမိမိနဲ့ တတ်စွမ်းသမျှ မဲဆွယ်စည်းရုံးပါ။ သင်ဟာ ပညာတတ် လူလတ်တန်းစားဖြစ်ပါရင် မိမိရဲ့ လူတန်းစားကိုသာ ဖိစည်းရုံးတာမျိုးမလုပ်ဘဲ အထက်တစ်နေရာမှာ ဖော်ပြခဲ့သလို အခြေခံလက်လုပ်လက်စား လူတန်းစား၊ အလုပ်သမားလူတန်းစား၊ ကြေးရတတ်အလွှာ စသည်ဖြင့် လူထုလူတန်းစားပေါင်းစုံကို ဖိစည်းရုံးရမှာပါ။ သင်နဲ့ အနီးစပ်ဆုံး လူတန်းစားဖြစ်တဲ့ ပညာတတ်လူတန်းစားအလွှာရဲ့မဲကသာ သင့်အနိုင်အရှုံးဆုံးဖြတ်တာမဟုတ်ဘဲ သင့်မဲဆန္ဒနယ်မြေတစ်ခုလုံးမှာရှိတဲ့ လူထုလူတန်းစားအုပ်စုပေါင်းစုံရဲ့ မဲကသာ သင် အနိုင်ရမရ အဆုံးအဖြတ်ပေးတာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


၁၄ မိမိ ကျေးဇူးရှိနေသူများ၊ မိမိ ကူညီစောင့်ရှောက်အားပေးခဲ့သူများ၊ တစ်နည်းနည်းနဲ့ သင့်ကျေးဇူးရှိနေသူများကို အရင်ကာလတွေတုန်းက သင် ဘာမှ မတောင်းဆိုခဲ့ပေမဲ့ လွှတ်တော်ရွေးကောက်ပွဲ သင် ဝင်ရောက်ယှဉ်ပြိုင်တော့မယ်ဆိုရင်တော့ အဲဒီသူတွေကို သင် ရှင်းရှင်းလင်းလင်းကြီး ပြောကြား အကူအညီတောင်းခံရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူတို့အပေါ် တင်ရှိနေတဲ့ သင့်ရဲ့ကျေးဇူးတွေကို ပြန်ဆပ်ခိုင်းရတော့မယ့်အချိန်ဖြစ်ပါတယ်။

မှန်ပါတယ်... ရွေးကောက်ပွဲမှာ သင့်ကို ထောက်ခံဖို့၊ သင့်ကို မဲပေးဖို့ ပြောင်ပြောင်ဆိုတောင်းခံရတော့မှာပါ။ အရင်တုန်းက သင် ကူညီခဲ့တာတွေ၊ စောင့်ရှောက်အားပေးခဲ့တာတွေအတွက် ဘယ်တုန်းကမှ သင့်အနေနဲ့ အတုံ့အပြန် ကျေးဇူးဆပ်ဖို့ မတောင်းဆိုခဲ့ဖူးကြောင်း၊ ကျေးဇူးရှင်ဖြစ်ချင်လို့၊ ကျေးဇူးဆပ်စေချင်လို့ ဒီလို ကူညီစောင့်ရှောက်ခဲ့တာလည်း မဟုတ်ကြောင်း၊ ဒါပေမဲ့ အခုအချိန်မှာတော့ မိမိကို တစ်လှည့်တစ်ပြန်ကူညီဖို့ တောင်းဆိုရတော့မှာဖြစ်ကြောင်း၊ မိမိဟာ ရွေးကောက်ပွဲဝင်တော့မှာဖြစ်လို့ မိမိကို တတ်နိုင်သမျှ ကူညီအားပေးကြရန်၊ မိမိကို မဲထည့်ကြပါရန် ပြောင်ပြောင်ဆိုအကူအညီတောင်းရမှာပါ။

mgyoe.com

mgyoe.com


၁၅ ရွေးကောက်ပွဲမှာ သင် မဲရစေဖို့ သေချာစေတဲ့ အချက်သုံးချက်ရှိပါတယ်။ အဲဒီအချက်တွေကတော့ အကူအညီပေးခြင်း၊ မျှော်လင့်ချက်နဲ့ ပုဂ္ဂိုလ်ရေးအရ ဆက်နွှယ်ပတ်သက်မှုတို့ပါပဲ။ ဒီမက်လုံးဆွဲဆောင်မှု (ဒီနေရာမှာ မက်လုံးဆိုတာ ကောင်းတဲ့သဘောနဲ့ ရေးတာပါ) တွေကို လူမှန်နေရာမှန်ဆိုသလို သင့်တော်တဲ့ ပုဂ္ဂိုလ်တွေထံ ပေးအပ်နိုင်မယ်ဆိုရင် သင် ရွေးကောက်ပွဲမှာ အနိုင်ရဖို့ တော်တော်လေး သေချာသွားပါပြီ။

ဒီနေရာမှာ စကားစပ်မိလို့ ရေးရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် ဆရာသမားဖြစ်တဲ့ သတင်းစာဆရာကြီး ဂါးဒီးယန်းဦးစိန်ဝင်းရဲ့ ပြောကြားမှုတစ်ခုကို တင်ပြလိုပါတယ်။ ဂါးဒီးယန်းဦးစိန်ဝင်းက သူ အောင်မြင်တဲ့ သတင်းစာဆရာဖြစ်လာခဲ့ရခြင်းမှာ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အရေးပါတဲ့ နယ်ပယ်က ထင်ရှားကျော်ကြားသူတော်တော်များများနဲ့ ပုဂ္ဂိုလ်ရေးအရ ဆက်နွှယ်ပတ်သက်မှု၊ တစ်နည်းအားဖြင့် ခင်မင်ရင်းနှီးမှုကြောင့် ဖြစ်တယ်လို့ သုံးသပ်ပြခဲ့ဖူးပါတယ်။ တခြားသတင်းစာဆရာတွေက နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်ထဲက ထင်ရှားကျော်ကြားသူများနဲ့ သာမန်သိရုံလောက် သိချိန်မှာ သူကတော့ အဲဒီပုဂ္ဂိုလ်ကြီးတွေနဲ့ သိကျွမ်း

mgyoe.com

mgyoe.com



ခင်မင်ရင်းနှီးပြီးဖြစ်တာကြောင့် တခြားသူမရတဲ့ သတင်းမျိုး၊ 'တိုင်းတုန်သတင်း' မျိုး သူ ရခဲ့တာဖြစ်ခဲ့တယ်လို့ ဆရာကြီးဦးစိန်ဝင်းက ရေးသားခဲ့ဖူးတာပါ။

နောက်တစ်ခုက အမှတ်မထင်နဲ့ ကျေးဇူးပြုလိုက်တာမျိုး၊ ဘာမှ သိပ်ကြီးကြီးမားမားမဟုတ်တဲ့ ကိစ္စတစ်ခုမှာ အကူအညီပေးလိုက်တာမျိုးပဲဖြစ်ပါတယ်။ သင့်မဲဆန္ဒရှင်ပြည်သူတွေကို ဘာမှမဟုတ်တဲ့ အသေးအမွှားကိစ္စတစ်ခုခုမှာ အကူအညီပေးလိုက်တာဟာ သင် သူတို့ရဲ့ မဲပြားကို လိုချင်တဲ့အချိန်မှာ သိပ်အရာရောက်ပါတယ်။ လူဆိုတာ ဘဝပေးအခြေအနေအရသာ ဆိုးယုတ်ကောက်ကျစ်တာ၊ မိုက်မဲဆိုးသွမ်းတာ ဖြစ်နေရပေမဲ့ သဘာဝစိတ်မှာတော့ မိမိအပေါ် ကျေးဇူးရှိသူကို ပြန်တုံ့ပြန်ချင်ကြပါတယ်။ အဲဒီလို အနေအထားမှာ သင် ရွေးကောက်ပွဲဝင်မယ်ဆိုတော့ သူတို့အနေနဲ့ သင့်ကျေးဇူးရှိခဲ့ဖူးတာကို အလွယ်ကူဆုံးနည်းနဲ့ ဆပ်ဖို့ သင့်မဲပုံးထဲ မဲထည့်ပေးကြတော့မှာပါ။

၁၆ သင့်အပေါ် သစ္စာရှိရှိနဲ့ စွဲမြဲခိုင်မာစွာ၊ တက်တက်ကြွကြွနဲ့ မယိမ်းမယိုင် ကျောက်စာတိုင်အလား ကူညီစည်းရုံးပေးခဲ့သူတွေကိုတော့ ရွေးကောက်ပွဲမှာ

mgyoe.com